# ဗိုလ်ရာဇာအကြောင်း တစေ့တစောင်း

ရခိုင်ပြည်နယ်တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ရာဇာကို အိန္ဒိယအစိုးရက အန်တမန်ကျွန်းမှာ လုပ်ကြံသတ်ဖြတ်လိုက်တာ အခုဆိုရင် နှစ်ပေါင်း ၁၀ ကျော်သွားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်ရာ ဇာကို ရခိုင်လူမျိုးတွေက ဒီနေ့တိုင် မေ့ပျောက်လို့မရ ဖြစ်နေကြတာ ဘာကြောင့်ဘာလဲ။ နောက်ပီးတော့ ဗိုလ်ရာဇာဟာ ဘယ်လိုခေါင်းဆောင်မျိုးလဲ။ သူရဲ့စိတ်နေစိတ်ထားတွေက ဘယ်လိုလည်းဆိုတာကို ဗိုလ်ရာဇာနဲ့ ညီအစ်ကိုတော်စပ်သူ တော်လှန်ရေးလုပ်ဖေါ်ကိုင်ဖက် လည်းဖြစ်တဲ့ ကိုလင်းခိုင်ကို ကိုမျိုးထွန်းကမေးမြန်းထားပါတယ်။



Boraza and Saw Tun

မေး။ ကိုလင်းခိုင်အနေနဲ့ ဗိုလ်ရာဇာနဲ့ပတ်သက်လို့ အကိုသိသမျှ ဗိုလ်ရာဇာ ကိုယ်ရေး ရာဇဝင် အကြောင်းကို ပြောပြပေးပါလား။

ဖြေ။ ဗိုလ်ရာဇာကို မင်းပြားမြို့နယ် ရွှေချောင်းကျေးရွာမှာ အဖ ဦးသာမြအောင်၊ အမိ ဒေါ်ကြာစိန်မေ (သို့) ဒေါ်ကြာစိန်ဖြူတို့ရဲ့ သားသမီး ၇ ယောက်အနက် တတိယမြောက် သားဖြစ်ပါတယ်။ ငယ်နာ မည်က လှထွန်းအောင်ဖြစ်ပါတယ်။ သူ့ကို အသက် ၁၃ နှစ်မှာ ရှင်ပြုပြီးတော့ စစ်တွေမြို့ ပုသိမ် ကျောင်းတိုက်နဲ့ စစ်တွေမြို့က ကြက်ကိုင်းတန်ကျောင်းမှာလည်း ပရိယတ္တိစာပေကို သင်ကြား ခဲ့ပါတယ်။

မေး။ ဗိုလ်ရာဇာဟာ တော်လှန်ရေးနဲ့ ဘယ်လို စတင်ဆက်စပ်ခဲ့ပါလဲ။ ဘယ်ပါတီနဲ့ ဆက်စပ်လို့ ယူကျီလုပ်ခဲ့တာပါလဲ။

ဖြေ။ အဲဒီလို စစ်တွေမှာ စာသင်နေတုန်း အသက် ၁၆ နှစ်ကပင် သူဟာ နိုင်ငံရေး၊ တော်လှန်ရေး အသိုင်းအဝိုင်းတွေနဲ့ ထိတွေ့ပြီးတော့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ပါတီနဲ့ ဆက်စပ်ပြီး လျှို့ဝှက်ယူကျီလုပ်ပါတယ်။ ရန်ကုန်နဲ့စစ်တွေကို အသွားအလာလုပ်ပြီးတော့ လျှို့ဝှက်ယူကျီလုပ်နေတဲ့ အချိန် အသက် ၂၀ ပြည့်တဲ့အခါ သူ့ကို ရွာမှာ မိဘတွေက ရဟန်းခံပေးပြီးတဲ့အခါ  ရန်ကုန်ကို ပြန်သွားပါတယ်။ အဲဒီမှာလည်း လျှို့ဝှက်ယူကျီအလုပ်ကို လုပ်ပါတယ်။ အဲဒီလိုလုပ်ရင်းနဲ့ လူသိများလာ တဲ့အခါ ရန်ကုန်မှာ နေလို့မရတဲ့အတွက် ဘိတ်(မြိတ်)၊ ကော့သောင်းဘက်ကို သွားခဲ့ ပါတယ်။

မေး။ ဗိုလ်ရာဇာရဲ့ငယ်စဉ်က စိတ်သဘောထား ဘယ်လိုရှိလည်းဆိုတာကို ပြောပေးပါ။

ဖြေ။ သူ့ စိတ်နေစိတ်သဘောတွေက သူ ဘယ်နေရာကိုရောက်ရောက်၊ ဘယ်အလုပ်ကိုပင် လုပ်လုပ်၊ ဘယ်ပညာကိုဘဲသင်သင် သူ့မှာ တခြားသော အရေးကိစ္စတွေနဲ့ မိသားစု အရေးထက်ကိစ္စတွေထက် လူမျိုးရေးကိုသာ ပိုပြီးတော့ စိတ်ရှိပါတယ်။ ငယ်စဉ်ကပင် သူဟာ အမျိုးသားရေးကိုသာ ပြောလေ့ရှိပါ တယ်။ နောက်ပြီးတော့ သူ့အဖေကလည်း ရခိုင်ပြည်မှာ ပြောက် ကျားတဦးဖြစ်တဲ့အတွက် ပိုပြီးတော့ အမျိုးသားရေး စိတ်ပြင်းထန်ပါတယ်။ ရခိုင်တမျိုးသားလုံး လွတ်မြောက်ရေးအတွက် ငယ်စဉ်ကပင် စိတ်ရှိတဲ့ အတွက် မည်သူတဦးတယောက်မှ တိုက်တွန်းမှုမရှိဘဲ မိမိကိုယ်မိမိ ကြိုးစားပြီးတော့ တော် လှန်ရေးနယ်ပယ်ထဲကို ရောက်သွားခဲ့ပါတယ်။

မေး။ ဗိုလ်ရာဇာဟာ လုပ်ဖေါ်ကိုင်ဖက်တွေနဲ့ သူ့ လက်အောက်မှာရှိတဲ့ ရဲဘော် ရဲဘက်တွေကို သူက ဘယ်လို သဘောထား ဆက်ဆံတတ်ပါလဲ။

ဖြေ။ သူဟာ အမျိုးသားရေးကို ဦးစားပေးပြီးတော့ ရှိတဲ့ ရဲဘော်ရဲဘက်တွေကို ကိုယ်နဲ့ ထပ်တူထပ်မျှ ဥပမာ တိုက်ပွဲဖြစ်လိုသော်၎င်း၊ အကြောင်းတခုခုကြောင့် ရဲဘော်တယောက် ကျဆုံးသွားခဲ့ရင် အဲဒီရဲ ဘော်ကို ဓါတ်ပုံရိုက်လို့ သူ့ ခေါင်းရင်းမှာ ကပ်ထားပါတယ်။ တခါတခါ အခိုက်ကြုံလို့ ပြောပြရင် ရဲဘော် တယောက်သေလို့ မျက်ရည်ပေါင်းများစွာကျလို့ အဲဒီအတွက်နဲ့ ငါရေ ရဲဘော်တွေ အဆက်ဆက် သေသွားသူတွေရဲ့ ဓါတ်ပုံတွေကို ငါခေါင်းရင်းထားပါတယ်။ ရဲဘော် သေဆုံးသွားလို့ ငိုခဲ့ရတဲ့ မျက်ရည်တွေကို ခံထားဖို့ဆိုရင် သမုဒ္ဒရာလောက် များဖို့လို့ ဥပမာတွေနဲ့ ပြောပြခဲ့တာ ရှိပါတယ်။ ရဲဘော်ကို မိမိရင်ဝယ်သားကဲ့သို့ထားပြီးတော့ အမျိုးသားရေးအတွက်လည်း လက်ဆင့် ကမ်းဖြစ်ဖို့အတွက် ရဲဘော်တွေကို အမြဲတမ်းတိုက်တွန်းပေးပါတယ်။ ငါလို အမျိုးသား လွတ်မြောက် ရေး အတွက် လုပ်နိုင်အောင် မင်းတို့လည်း ကြိုးစားကြဆိုပြီး အမြဲတမ်း တိုက်တွန်းတာတွေ ရှိပါတယ်။

မေး။ ဗိုလ်ရာဇာ ဘာကြောင့် ကျဆုံးရသလဲလို့ အစ်ကို့အနေနဲ့ ယူဆပါလဲ။

ဖြေ။ ဗိုလ်ရာဇာ ကျဆုံးရာတာဟာ စေတနာလွန်ကဲအားကြီးလို့ ကျဆုံးရတယ်လို့ ပြောချင်ပါတယ်။ ဘာကြောင့် လဲဆိုရင် သူက မိမိလက်အောက်က တဆင့်လုပ်နေကြတဲ့ လူတွေကို အားမရ၊ ဘယ်နေ ရာမှာမဆို သူလုပ်မှရတယ်ဆိုတဲ့ သဘောထားတွေရှိတယ်။ ဖြစ်စေချင်တဲ့ ဆန္ဒတွေဟာ အမျိုးသား အပေါ်မှာ လူလုပ်တာကိုတောင် အားမရတတ်ဘူး။ လူကိုလုပ်ဖို့ခိုင်းလိုက်ရင် အားကိုးရတဲ့သူ သူ့မှာ မရှိဘူး။ အဲဒီအတွက်ကြောင့် ကိုယ်ကိုယ်တိုင် ထလုပ်တဲ့အတွက် မမျှော်လင့်ဘဲနဲ့ ဖြစ်ပေါ်လာ တာတွေ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင် အသက်ထင်ရှားရှိစဉ်က ပြောခဲ့တာက ငါရေ လူတယောက် အလုပ်အများကြီးလုပ်နေရတယ်။ တဆင့်လုပ်ဖို့ ပေးလိုက်ရင်လည်း ပေးလိုက်တဲ့ တာဝန်တွေကို မကျေပွန်တတ်၊ အဲဒီအတွက်နဲ့ လူတယောက် အလုပ်လေးငါးခုလုပ်ရရင် မနိုင်တဲ့ဝန် ကိုထမ်းသလို ဆိုပြီးတော့ ပြောတာတွေ ရှိပါတယ်။

မေး။ နိုင်ငံရေးအသိုင်းအဝိုင်းနဲ့ တော်လှန်ရေးအသိုင်းအဝိုင်းက ခေါင်းဆောင်တချို့က ပြောကြပါ တယ်။ ဗိုလ်ရာဇာဟာ နိုင်ငံရေးမရှိ၊ မိုက်ရူးရဲဆန်တယ်။ စစ်ဘုရင်ဝါဒ ကျင်းသုံးတယ်။ စသဖြင့် အမျိုးမျိုး ဝေဖန်ပြောဆိုမှုတွေ ရှိပါတယ်။ အဲဒီအပေါ်မှာ အစ်ကို ဘယ်လိုထင်ပါသလဲ။

ဖြေ။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ပြောရမယ်ဆိုရင် သူရေ အပြောအားဖြင့် စစ်သားတယောက် ဖြစ်တဲ့ အလျှောက် အပြောကြမ်းပေမယ့် နှလုံးသားက အလွန်တရာနူညံ့တဲ့ လူတယောက်ပါ။ ဘယ် လောက်ပင် သူပါးစပ်က ကြမ်းကြမ်းတမ်းတမ်း ပြောပေမယ့် ကြားရတဲ့လူတွေရဲ့စိတ်နှလုံးထဲမှာ သူပြောတဲ့စကားကို ဖြေသိမ့်လို့ရတဲ့ စကားမျိုးတွေကို ပြောခြင်းသာ ဖြစ်ပါတယ်။ အဲဒီအတွက်နဲ့ ဗိုလ်ရာဇာဟာ နိုင်ငံရေးအရရင်း။ စည်းရုံးရေးအရရင်း။ တိုက်ခိုက်ရေးအရရင်း ကျွန်တော်တို့ အနီးကပ် မြင်လိုက်ရတာက ပြောစရာမရှိပါ။ ဒါပေမယ့် နောက်ကဝိုင်းရံပေးကြတဲ့ လူတွေက မှားတာမှန်တာကို ဗိုလ်ရာဇာကို လမ်းညွှန်မှုမပေးဘဲနဲ့မြှောက်ပင့်လို့ပေးကြတဲ့အတွက် နောက်ပိုင်းမှာ ဗိုလ်ရာဇာကို မ ကောင်းတဲ့ သတင်းကိုဘဲ လူတွေက မြင်ကြတယ်။ အမှန်တော့ ဗိုလ်ရာဇာမကောင်းလို့မဟုတ်ပါ။ နောက်က ဝိုင်းရံပေးကြတဲ့ လူတွေကလည်း ထိမ်းသိမ်းဖို့ မတတ်လို့ပါ။ ဗိုလ်ရာဇာ၏ မှားကွက် တွေကို လူတွေက ပြောလာကြတာသာ ဖြစ်ပါတယ်။

မေး။ ဗိုလ်ရာဇာဟာ ရခိုင်ပြည်တပ်မတော်ကို စတင်တည်ထောင်လာတဲ့ ခေါင်းဆောင်တယောက် ဖြစ်ပါ တယ်။ အဲဒီလို စတင်လာတဲ့အခါ သူ ဘယ်လို ဖြတ်သန်းကျော်လွှားလာသလဲဆိုတာကို အစ်ကို သိသလောက် ပြောပြပေးပါလား။

ဖြေ။ ဗိုလ်ရာဇာရေ ပထမဆုံး ALP ဝင်ပြီးတော့ အလုပ်လုပ်တဲ့အချိန်မှာ ဗိုလ်ရာဇာက ပြောပါတယ်။ ငါတို့ဟာ ထိုင်းနယ်စပ်မှာ လုပ်နေလို့မရ။ ထိုင်းနယ်စပ်ဟာ ငါတို့ ရခိုင်ပြည်နယ်နဲ့ အလှမ်းဝေးပါ တယ်။ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးအတွက် အလုပ်လုပ်တယ်ဆိုရင် ကိုယ့်တိုင်းပြည်နဲ့ အနီး အနားမှာ အလုပ် လုပ်ရဖို့ဆိုပြီးတော့ ဗိုလ်ရာဇာက တင်ပြပါတယ်။ အဲဒီတင်ပြတာကို ALP မှာ ရှိတဲ့ လူတွေက သဘောမကျတဲ့အခါ ဖြစ်ဖို့မဟုတ်ဆိုပြီးတော့ ဗိုလ်ရာဇာဟာ ကိုယ့်ဆန္ဒနဲ့ ကိုယ် ထပြီးတော့ လုပ်ပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာ ဗိုလ်ရာဇာ ဒီလိုလုပ်ရမလားဆိုပြီးတော့ ဗိုလ်ရာဇာကို သေဒဏ် အကြိမ်ကြိမ်ပေးတာတွေ ရှိခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ဗိုလ်ရာဇာဟာ ကိုယ့်တိုင်း ပြည်နဲ့ကိုယ့်လူမျိုးအတွက် ဆက်လို့အလုပ်လုပ်ဖို့ ရခိုင်ပြည်နဲ့နီးတဲ့နေရာမှာ လုပ်ရဖို့ ဆိုတဲ့အမြင်နဲ့ ကြိုးစားပြီးတော့ AA ဆိုတဲ့တပ်ကို ထူထောင်နိုင်ခဲ့ပါတယ်။

မေး။ ဗိုလ်ရာဇာနဲ့အတူ လုပ်ဖေါ်ကိုင်ဖက် ရဲဘော်ရဲဘက်တွေပြောတာက ထိုင်းမြန်မာနယ်စပ်မှာ ဗိုလ်ရာဇာ အလွန်နာမည်ကြီးခဲ့တယ်လို့ ပြောကြပါတယ်။ ဘာကြောင့်ပါလဲ။

ဖြေ။ ဗိုလ်ရာဇာဟာ တိုက်ခိုက်ရေးမှာ အလွန့်အလွန် သူရသတ္တိနဲ့ ပြည့်စုံတဲ့ သူတယောက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ဇွဲ၊ ဝီရိယရှိတယ်။ နေတာထိုင်တာ သွားတာ၊ ဘယ်နေရာမဆို ပြောဖွယ် ရာမရှိပါ။ ဆက်ဆံရေးမှာရင်း၊ စည်းရုံးရေးမှာရင်း။ လူထုနဲ့ ဆက်ဆံတဲ့နေရာမှာလည်း ပျော့ပျောင်း ပါတယ်။ ပေးကမ်းချီမြှင့်တဲ့နေရာမှာလဲ မငဲ့ကွက်ဘူး။ ငယ်သားတွေအပေါ်မှာ စိတ်ထိခိုက်အောင် မပြော။ နောက်ပြီးတော့ မဟာမိတ်တွေနဲ့လည်း ပြေလည်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ဆိုင်တဲ့ လှူဒါန်း စွန့်ကြဲ ပေးကမ်းမှုတွေကို ရောက်တဲ့နေရာမှာ လုပ်ပါတယ်။ အဲဒီအတွက်ကြောင့် ဗိုလ်ရာဇာ နိုင်ငံရေး၊ တော်လှန် ရေးလုပ်လာတဲ့အချိန်မှာ မိမိကိုယ်ကျိုးအတွက် မည်သည့်အခွင့်အရေးတခုကိုလည်း မယူဘဲ မိမိဘဝတခုလုံးကို

ပုံအပ်တဲ့သဘောနဲ့ လုပ်တဲ့အတွက် နောက်ကပါလာတဲ့ တပည့်တွေ ကလည်း ဗိုလ်ရာဇာဟာ မိမိဘဝကို စွန့်လို့ လုပ်တာပါလားလို့ ဆိုပြီး ယုံကြည်လာတယ်။ တပည့်တွေယုံ ကြည်လာသလို ပတ်ဝန်းကျင်လူတွေကလည်း ယုံကြည်လာတဲ့အတွက် အခုလို နာမည် ကြီးလာတာ ဖြစ်ပါတယ်။

မေး။ ဗိုလ်ရာဇာ ကျဆုံးသွားတဲ့အတွက် ရခိုင်လူမျိုးတွေအတွက် နစ်နာဆုံးရှုံးမှုတွေ ရှိတယ်လို့ ထင်ပါသလား။

ဖြေ။ ဗိုလ်ရာဇာ သေဆုံးသွားတဲ့အတွက် ကျွန်တော်တို့ ရခိုင်သားတွေအတွက် အလွန့်အလွန် ဆုံရှုံးမှု တခုဖြစ်တယ်လို့ ကျွန်တော်အနေနဲ့ ခံစားရပါတယ်။ ဘာဖြစ်လို့ဆိုတော့ ဗိုလ်ရာဇာ သေဆုံးသွား ပေမယ့် ဗိုလ်ရာဇာ လုပ်ခဲ့တဲ့လမ်းကြောင်းကို ဆက်လို့လုပ်နိုင်တဲ့သူမရှိပါ။ ဘာဖြစ်လို့လည်းဆိုတော့ ဗိုလ်ရာဇာ အသက်၊ သွေး၊ ချွေးနဲ့ ရင်းနှီးထားခဲ့တာတွေကို တကယ့်ကို ထိမ်းသိမ်းထားဖို့ ကျတဲအခါ မှာ ကိုယ်ကျိုးစွန့်သူတွေ နည်းပါးပြီးတော့ ဗိုလ်ရာဇာ ရွတ်ရွတ်ချွန်ချွန် ထမ်းဆောင်ခဲ့တဲ့ နေရာတွေကို လက်ဆင့်ကမ်း ထမ်းဆောင်ဖို့ဆိုတာ ကောင်းကောင်း အခက်အခဲရှိပါတယ်။ အဲဒီအတွက်ကြောင့် ဗိုလ် ရာဇာ သေဆုံးသွားတဲ့အတွက် ရခိုင်သား လွတ်မြောက်ဖို့ နှစ်ပေါင်း ၂၀ လောက် နောက်ကျ သွားတယ်။ အားနည်းသွားတယ်လို့ ကျွန်တော့်အနေနဲ့ သတ်မှတ်ပါတယ်။

မေး။ တချို့က ပြောပါတယ်။ ဗိုလ်ရာဇာ အသက်ရှင်ရှိသေးတယ်။ တချို့က အိန္ဒိယအစိုးရ သတ်ပစ် လိုက်တယ်လို့ အမျိုးမျိုးပြောနေကြပါတယ်။ အဲဒီအပေါ်မှာ ညီ တော်စပ်တဲ့မိသားစု ဝင် တယောက် အနေနဲ့ ဘယ်လိုထင်ပါသလဲ။

ဖြေ။ ကျွန်တော်က ဗိုလ်ရာဇာသေဆုံးသွားပြီဖြစ်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပြဿနာ ဖြစ်တဲ့နေ့ကပင် မည်သည့်ကြောင်းအရာနင့်မျှ ကျွန်တော်စဉ်းစားလို့ အစအနလည်းမပေါ်။ နောက်ပြီး တော့ အခုဖြစ်ပျက်နေတဲ့ အခြေအနေအရလည်း မည်သည့်အစအနမှ မပေါ်ဆိုတော့ ဗိုလ်ရာဇာနဲ့တကွ ခေါင်းဆောင်ခြောက်ယောက်ကို သတ်ပစ်တာမှန်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ယခုအဖမ်းခံနေရတဲ့ ရဲဘော်တွေလည်း ဗိုလ်ရာဇာနဲ့ အနီးကပ်မရှိနေတဲ့အတွက် သူတို့လည်း အတိအကျ မသိနိုင်ပါ။ အဲဒါကြောင့် ကျွန်တော်က အိန္ဒိယအစိုးရက လုပ်ကြံ သတ်ဖြတ်ပစ်တယ်ဆိုတာကို ဧကန်မုချ ယုံကြည်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အိန္ဒိယနိုင်ငံမှာ ဒီကိစ္စနဲ့ ပတ်သတ်လို့ ရေတပ်ဗိုလ်ချုပ်ကြီးကိုတောင် ဖြုတ်ပစ်ရတဲ့အဆင့်အထိ ရှိခဲ့တဲ့အတွက် အမှန်တကယ် သတ်ပစ်တာဟုတ်တယ်လို့ ယုံကြည်ပါတယ်။

ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးအတွက် မြန်မာစစ်အစိုးရကို လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲဖို့ဆိုပြီးတော့ ရခိုင်ပြည် တပ်မတော် AA ကို ထူထောင်ခဲ့တဲ့ စစ်ဦးစီးချုပ် ဗိုလ်ရဇားအပါအဝင် ခေါင်းဆောင် ၆ ယောက် ကို ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလမှာ အိန္ဒိယထောက်လှမ်းရေးက အန်တမန်ကျွန်းမှာ ရေတပ် အခြေစိုက်စခန်းတခု ဖွင့်ပေးမယ်ဆိုပြီး ခေါ်ယူသွားကာ လုပ်ကြံသတ်ဖြတ်လိုက်ပါတယ်။ ဗိုလ်ရာဇာ လုပ်ကြံခံလိုက်ရပြီးနောက် သူနဲ့အတူပါလာတဲ့ ရခိုင်ကရင် ရဲဘော် ၃၄ ယောက်ကိုလည်း ယနေ့တိုင် အိန္ဒိယ အစိုးရက ချုပ်နှောင်ခံထားရပါတယ်။ ဘင်္ဂလာနယ်စပ်မှာ ရှိနေတဲ့ ရာနဲ့ချီတဲ့ ရဲဘော်တွေနဲ့ ခေတ်မှီ လက်နက်မျိုးစုံမှာလည်း သူနဲ့အတူ ပျောက်ဆုံးသွားခဲ့ရပါတယ်။